# အကြည်တော်

# ဝပ္ပာရုံ



## ဓမ္မာရုံ
## အကြည်တော်

*

ဖွားငွေခင် အိမ်ကလေးကို ငေးကြည့်နေမိသည်။ အိမ်ကလေးက ပျဉ်ထောင်အိမ် ခပ်စုတ်ချာချာလေးပင်။ အိမ်ကလေး၏ နံဘေးနား ခြံစပ်တွင် ဗာဒံပင်များက လိုအပ်သည်ထက် ပိုများနေ၍ အိမ်ကလေးကို ပိုပြီး မပေါ်လွင်အောင် ဖုံးသလို ခံစားရသည်။

သူ၏ အနောက်ဘက်(အိမ်ကလေး၏ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်) မှာရှိသည့် ဓမ္မာရုံလေးဆီမှလည်း ဘာမှန်းမသိသည့် သီချင်းသံ ခပ်ကျယ်ကျယ်ကို ကြားနေရသည်။

"… …"

"ဟင်"

အနီးအနားမှ တစ်ယောက်ယောက် စကားပြောလိုက်သလို ခံစားမိ၍ ဖွားငွေခင် ပြန်ဝေ့ကြည့်မိသည်။ သူနှင့်အတူပါလာသော သားတော် မောင်ထွန်းသန်းက သူ့အနားနားကပ်ပြီး

"အမေ ဒီအိမ်ကိုကြိုက်တာ သေချာပြီလား"

သားတော်မောင်ထွန်းသန်းက ဓမ္မာရုံမှဖွင့်ထားသော လော် စပီကာ သံကို ကျော်အောင် အော်ပြောသည်။ ဒါကိုပင် အသက်ကြီး၍ အကြားအာရုံ နည်းပါးလာပြီဖြစ်သော ဖွားငွေခင် သိပ်မကြား။ ထို့ကြောင့် အသံကျယ်

ကျယ်ဖြင့် ပြန်မေးရသည်။

"ဘာဖြစ်တယ်"

"ဩော် အမေ ဒီအိမ်ကို သဘောကျတာ သေချာပြီလားလို့"

သားတော်မောင် အတော်ကလေး အော်ပြောမှ ဖွားငွေခင် အနည်းငယ်ကြားရသည်။

ဖွားငွေခင် အိမ်ကလေးကို ပြန်ငေ့ကြည့်ရင်း

"အေး ဒီအိမ်ကလေးက မဆိုးပါဘူးသားရယ်၊ ဘာဖြစ်လို့လဲ"

သားတော်မောင်ထွန်းသန်း ဘေးဘီငေ့ကြည့်ရင်း အနားနား ကပ်ကာထပ်အော်ရသည်။

"အိမ်ကလေးကတော့ သူ့ဈေးနဲ့သူ မဆိုးပါဘူး အမေရဲ့ ဒါပေမဲ့ ဒီအရှေ့ကဓမ္မာရုံနဲ့ဆိုတော့ အဆင်ပြေပ့ါမလားလို့"

သားဖြစ်သူစကားကြောင့် ဖွားငွေခင် အံ့အားသင့်သွားသည်။

"ဟဲ့ ဓမ္မာရုံနဲ့ အိမ်နဲ့ နီးတော့ ဘာဖြစ်လဲ"

"ဩော် ဓမ္မာရုံနဲ့နီးတော့ ဒီလော်စပီကာသံတွေနဲ့ အမေနဲ့ အဆင် မပြေမှာစိုးလို့ပါ"

သားဖြစ်သူထွန်းသန်း စကားကြောင့် ဖွားငွေခင် ဒေါသထွက်သွားသည်။ ထို့ကြောင့်

"ဟဲ့ ထွန်းသန်း"

"ဗျာ အမေ"

"နင် နင် ဗုဒ္ဓဘာသာ မဟုတ်ဘူးလား"

"ခင်ဗျာ"

ဒေါသထွက်နေသော အမေဖြစ်သူ ဖွားငွေခင်ကိုကြည့်ပြီး ထွန်းသန်း ကြောင်နေမိသည်။ သူ့မိခင် ဘာကိုဆိုလိုချင်မှန်း သူမသိ။

"အမယ်လေးဟယ် အဖေ ဗုဒ္ဓဘာသာ၊ အမေ ဗုဒ္ဓဘာသာက မွေးထားပြီး ဘယ်လို မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတာလဲ"

"ဗျာ အမေ"

ထွန်းသန်း သူ့မိခင်ကို ကြောင်ကြည့်နေမိသည်။ ဆိုလိုရင်းကို သဘောမပေါက်။ ဖွားငွေခင် ခါးထောက်ပြီး

"ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ပြီး ဓမ္မာရုံက တရားသံဖွင့်တာ နားငြီးသတဲ့၊ အမယ်လေး သူ့အဖေ ထွန်းတင့်ကြီးအတိုင်းပဲ ဘာမှ သုံးမရဘူး"

ဖွားငွေခင် စကားပြောရင်း သေဆုံးသွားပြီဖြစ်သော ခင်ပွန်း ဦးထွန်းတင့်ကိုပါ ဆွဲထည့်လိုက်သေးသည်။

မှန်ပါသည်။ ဖွားငွေခင်၏ယောက်ျား ဦးထွန်းတင့်ကား (၉၆)ပါး ရောဂါဖြင့် ဆုံးပါသွားသည်မှာ မကြာလှသေး။

အမှန်တော့ ဦးထွန်းတင့်က လူရိုးလူအေးကြီးပင်။ အရက် သေစာ မသောက်မစား၊ လောင်းကစားလည်း ကင်းသည့်အပြင် ဆေးလိပ်၊ ကွမ်းယာကအစ အနံ့ပင် ခံခဲ့သူမဟုတ်။ သို့သော် ဤမျှလူရိုးကြီးကို ဖွားငွေခင် မကြိုက်သော အချက်တစ်ချက် ရှိသည်။ တရားဘာဝနာ ပွားများဖို့ ဘုန်းကြီးကျောင်းများ ခေါ်လျှင် ဘယ်တော့မှ မလိုက်။

"ဘာသွားလုပ်မှာလဲ၊ ဘုန်းကြီးဟောတဲ့ တရားလည်း ငါ တစ်လုံးမှ နားမလည်၊ ပြီးတော့ ဘုန်းကြီးကျောင်း လာတဲ့သူတွေကလဲ ပျော်ပွဲစား ထွက်လာသလို ဟေးလားဝါးလားနဲ့"

ဟုဆိုကာ ဘယ်ဘုန်းကြီးကျောင်းမှ မသွား။ ဒါကို ဖွားငွေခင် မကျေနပ်

ဆုံး။

"ဒိဋ္ဌိကြီး"

ဖွားငွေခင် သူ့ခင်ပွန်းကို မြင်ယောင်ပြီး သတိလက်လွတ် ရေရွတ်မိသည်။

"ခင်ဗျာ အမေ"

ဘေးနားက ရှိနေသော သားတော်မောင်ထွန်းသန်းက သူ့ကို ပြောလိုက်သည် မှတ်ပြီး မကြားလိုက်၍ ပြန်မေးသည်။ ဒါကို ဖွားငွေခင်က ရှက်ကိုးရှက်ကန်းဖြင့်

"ဘာမှမဟုတ်ဘူး၊ အိမ်ရှေ့မှာ ဓမ္မာရုံလေးရှိတာ ငါကြိုက်တယ်လို့၊ အလှူအတန်းဆို ဝေးဝေးသွားစရာ မလိုတော့ဘူးပေါ့၊ အိမ်ရှေ့ထွက်လိုက်ရင် ရောက်ပြီလေ"

မောင်ထွန်းသန်း ခေါင်းကုတ်သည်။ အမှန်တော့ သူ့မိခင် ဖွားငွေခင်ကို ဓမ္မာရုံရှေ့ အိမ်ကလေးမှာ မနေစေချင်။ သူတို့ရပ်ကွက်နားမှာ ခြံကလေး ဝိုင်းကလေးနှင့် အိမ်ကလေးတစ်လုံးကို ဈေးတန်တန်နှင့် တွေ့ထားသေး၏။

မောင်ထွန်းသန်းက သူ့မိခင်ကို ထိုနေရာကလေးမှာ နေစေချင်သည်။ ထိုဝိုင်းကလေးမှာ သူတို့အိမ်နှင့်လည်း နီးသည့်အပြင် အေးအေး ချမ်းချမ်းလည်း ရှိလှသည်။ အမေတစ်ယောက်တည်းမို့ အရေးရယ် အကြောင်းရယ်ဆို သူက အပြေးအလွှားသွားပြီး ပြုစု၍ရသေးသည်။

လူကြီးဆိုသည်မှာလည်း သိပ်စိတ်ချရသည့် အရွယ်မဟုတ်တော့။ သူ့ဖခင် ဦးထွန်းတင့်ပင် နေမကောင်းဖြစ်သည်ဟု ကြားမိရုံရှိသေး၊ မောင်ထွန်းသန်းဆင်းချသွားတော့ အသက်ပင် မမီလိုက်ပဲ ဆုံးပါးခဲ့ပေပြီ။ ဒါကိုတောင် မိခင်ဖြစ်သူက ရွာမှာပဲ ဆက်နေမည် လုပ်နေ၍ မနည်းဖျောင်းဖျ၍ ခေါ်ခဲ့ရသည်။

ရွာမှာကလည်း အားကိုးစရာ ဆွေမျိုးသညာ ရှိတော့သည်မဟုတ်။

အားလုံးက အဆင်ပြေရာ မြို့ကို ရောက်သူရောက် ပြောင်းသူပြောင်းနှင့်။ ထို့ကြောင့် ရွာတွင် မိခင်တစ်ယောက်တည်း ဒုက္ခများမည်စိုး၍ မြို့သို့ အတင်း ဆွဲခေါ်လာရခြင်း ဖြစ်သည်။

မြို့ကိုရောက်ပြန်တော့လည်း "အိမ်မှာပဲနေကြဖို့" ခေါ်ထားတော့ ဖွားငွေခင်က မနေနိုင်။ သူ "ချွေးမကို ကြည့်မရဘူး" တဲ့လေ။ အမှန်တော့ ချွေးမက လည်း ရိုးရိုးအေးအေးပင်။

ဒါကိုမှ "ထမင်းစားပြီး ပန်းကန်ဆေးမထားဘူး၊ ဘုရားပန်းက တစ်နေ့ တစ်ခါ မလဲဘူး" စသည်ဖြင့် ဘာမဟုတ်သည့် ကိစ္စများကိုမြင်ပြီး တစ်ဖက်သတ် ကြည့်မရ ဖြစ်နေခြင်းပင်။

"ငါတို့တုန်းကဆိုရင်"

က,စပြီး ဒိုင်ခံ ငြင်းတော့တာပါပဲ။ မိဘနှစ်ပါးအကြောင်း စဉ်းစားရင်း မောင်ထွန်းသန်း ပြောရမည့် စကားတောင် မေ့ကုန်သည်။

မောင်ထွန်းသန်းက ဖျောင်းဖျကြည့်သည်။

"အမေ စဉ်းစားဦးနော်၊ ကျွန်တော်တို့ ရပ်ကွက်နားက အိမ်ကလေးက ဝိုင်းလေးလည်း ကျယ်တယ်၊ အေးအေးချမ်းချမ်းလည်း ရှိတယ်၊ နောက်ပြီး ကျွန်တော်တို့ အိမ်နဲ့လည်း နီးတော့ အစားအသောက်က အစ ကျန်းမာရေး အဆုံး"

"တိတ်စမ်း"

မောင်ထွန်းသန်း စကားမဆုံးမီ ဖွားငွေခင်က ထအော်သည်။

"နင်တို့ အိမ်နားနီးလို့ကို မနေချင်တာ၊ ဟင် ဘာတဲ့ အစား အသောက် လေး ဗန်းပြပြီး နင့်မိန်းမက အိမ်လာမယ်၊ သူလာရင် နင့်သား မျောက် လောင်း နှစ်ကောင်က အိမ်မှာ ကျွမ်းပြန်အောင် ခုန်ပေါက်ကြမယ်၊ ပြီးရင်

နင်တို့ လင်မယား ရန်ဖြစ်ရင် ငါ့ကိုလာတိုင်ကြဦးမယ်"

"အမေရယ်၊ သားတို့လင်မယား ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ အမေရဲ့"

"အေး အခုမဖြစ်လဲ တော်ကြာဖြစ်ကြမှာပဲ လင်မယား ဘယ် လင်မယား တည့်ဖူးလို့လဲ"

"အင်"

မောင်ထွန်းသန်းတွင် ပြန်လုံး မရှိ။

"တော်ပြီ၊ တော်ပြီ၊ အပူတွေ၊ ငါ့ဘဝရဲ့ နောက်ဆုံး အချိန်ကလေးကို ဒီလို ဘုရားသံ၊ တရားသံနဲ့နီးပြီး အေးချမ်းတဲ့ အိမ်လေးနဲ့"

ဖွားငွေခင်က စုတ်ချာချာ အိမ်ကလေးကို လက်ညှိုး ထိုးပြသည်။

"ဒီလို တရားဓမ္မ သံလေးနဲ့"

လော်စပီကာ အသံအကျယ်ကြီး ဖွင့်ထားသော ဓမ္မာရုံကို လက်ညှိုးထိုး ပြသည်။ အမှန်တော့ ဓမ္မာရုံက ဖွင့်ထားသည်မှာ တရားဓမ္မသံ မဟုတ်။

"ပရဟိတ အကျိုးဆောင်လေးတွေ" ဆိုလား။ သီချင်း တစ်ပုဒ်သာ။

ဖွားငွေခင်က ကျေနပ်ဟန်နှင့် သက်ပြင်းချပြီး

"ဒီလိုလေး အေးအေးချမ်းချမ်း အဆုံးသတ် သွားချင်တယ်ကွယ်"

မောင်ထွန်းသန်း ဘာပြောရမှန်းလဲ မသိ။ သူ၏မိခင် ဖွားငွေခင် စကားပြောလျှင် လွန်စွာ လက်ပေါက်ကတ် တတ်မှန်းလည်း သိသည်။ ဒီ အိမ်က မိခင်နှင့် အဆင်မပြေနိုင်မှန်းလည်း သိသည်။ သို့သော် ဆက်ပြော နေလျှင်

"နင် ဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ နင့်အဖေလို မိစ္ဆာဒိဋ္ဌိပဲ" နှင့် အပြောခံရ သည်သာ အဖတ်တင် ပေလိမ့်မည်။

ထို့ကြောင့် … .

***

ဖွားငွေခင် တစ်နေ့လုံး နေထိုင်မကောင်း။

အသက်အရွယ် အရသော်လည်းကောင်း၊ နံနက်စောစော ထရသည့်အတွက် သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဒီကြားထဲ မနက်မိုးမလင်းခင် ကတည်းက ဖွင့်ထားသော လော်စပီကာက နေ့ခင်းထိကို မရပ်သေး။ အလှူခံနေသည်လား။ နိဗ္ဗာန်အတွက် နှိုးဆော်နေသည်လား မပြောတတ်။

တစ်ခါတစ်ခါ တရားသံ ထွက်လာလိုက်၊ တစ်ခါတစ်ခါ သီချင်းသံ ထွက်လာလိုက်၊ တစ်ခါတစ်ခါ ဂေါပက, က ဘာတွေပြောမှန်းမသိ ပြောလိုက်နှင့် တစ်နေကုန်ပင် စီညံနေသည်။

ဖွားငွေခင် အိမ်ရှေ့မှာ ကြောင်စီစီနှင့် ငုတ်တုတ်ထိုင်ရင်းက

"အင်းလေ၊ ညကျတော့ စောစော အိပ်ရတာပေါ့"

ဟုတွေးရင်း စိတ်လျှော့လိုက်ရသည်။

***

ညကျတော့လည်း ဖွားငွေခင် ကောင်းကောင်း မအိပ်နိုင်။ ဓမ္မာရုံ ကလေးမှာ ကာလသားများ ထမင်း ချက်စားနေကြသည်လား။ ဆွမ်းဟင်းပဲ ချက်ပြုတ် နေကြသည်လား မသိ။ ဆူညံနေကြသည်။ ထင်ရတာ အရက်ဝိုင်းကလေးများပင် ပါကောင်းပါနိုင်သည်။

"အင်းလေ ကာလသားတို့ထုံးစံပေ့ါ"

ဖွားငွေခင် စိတ်ကို လျှော့ထားရသည်။ ရွာမှာလည်း တစ်ခါတစ်ရံ ဒီလိုပဲကိုး။ သူတို့တွေ ဆူညံနေ၍ ဖွားငွေခင် တော်ရုံနှင့် အိပ်မပျော်နိုင်။ ညဦးအတော်နက်မှ မှေးခနဲ အိပ်ပျော်သွားသည်။ သိပ်မကြာပါ။

"ကျွီ ... ဝေါင်း ... ဒီ ... တက်တက်"

အသံအကျယ်ကြီး ကြားရ၍ ဖွားငွေခင် ခုန်ပြီး လန့်နိုးလာရပြန်သည်။ ပြီးနောက် ကြောင်တောင်တောင်နဲ့

"ဘာဖြစ်တာလဲ၊ အဲ့ ဘာသံကြီးလဲ"

"ကျွီ ဝေါင်း"

"ဟင် ဘာ ဘာသံလဲဟင်"

ကြည့်လိုက်တော့ အိမ်ရှေ့ဓမ္မာရုံကလေးမှပင်။ ဓာတ်စက်က ထွက်လာသည့်အသံက

"ရပ်ကွက်အတွင်းရှိ သပ္ပုရိယအနွယ် သူတော်စင် လူငယ်လူရွယ်များ ခင်ဗျား၊ ဘွဲ့တော်လှည့်လည်ရန် အချိန်ကျပြီမို့ လိုက်ပါ ဆောင်ရွက်မည့် လူငယ်လူရွယ်များ ရပ်ကွက်ဓမ္မာရုံသို့ လာရောက် စုဆောင်းပေးနိုင်ရန်

အသိပေး နှိုးဆော်အပ်ပါသည်၊ ရပ်ကွက်အတွင်းရှိ သပ္ပုရိယအနွယ်ဝင် လူငယ်များ ဘွန္တောလှည့်လည်မည် ဖြစ်ပါ၍"

ဖွားငွေခင် သူ့ခေါင်းကို သူအုပ်ကိုင်ရင်း ဆောင့်ကြောင့်ကြီး ငြိမ်နေမိသည်။ သူ့ခမျာလည်း ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ နောက်မှ သက်ပြင်း ချပြီး

"အေးလေ၊ ကုသိုလ်ရေးအတွက်ပဲ၊ ရွာမှာလည်း ဒီလိုရှိတတ်တာ ပဲလေ"

ဟုတွေးကာ စိတ်လျှော့လိုက်သည်။ တစ်ခု ကွာတာက ရွာမှာက လော်စပီကာ မပါ။

သိပ်မကြာပါ။ ခပ်မှောင်မှောင် ဓမ္မာရုံကလေးဆီသို့ လူငယ် လူရွယ်များ ရောက်လာကြသည်။ ပြီးနောက်

"ဘွန္တော သပ္ပုရိယအနွယ်ဝင် သူတော်ကောင်း အပေါင်းတို့ ဆွမ်းချက်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါသောကြောင့် ဆွမ်းချက်ရန် ထတော်မူကြပါ၊ ဘွန္တော သပ္ပုရိယအပေါင်း သူတော်ကောင်းတို့"

လူငယ်များ၏ အော်သံနှင့်အတူ ရပ်ကွက်ကို လှုပ်နှိုးလိုက်သည်။ ဖွားငွေခင်ကတော့ ငြီးစီစီနှင့် သူ့ခေါင်းကို အုပ်ကိုင်ရင်း ငယ်စဉ်က သူဖတ်ခဲ့ဖူးသော ဆရာကြီးသော်တာဆွေ၏ "ဘွန္တောကြက်သူခိုး" စာအုပ်ကို ပြန်ပြောင်း မြင်ယောင်ရင်းပင် ပြုံးမိသလိုလို။

***